ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (6-10-2010) (၆၅၄၃)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းကြည်းတပ်စစ်သံမှူး Colonel Ekachai Harnpoon-vittaya၊ ရေတပ်စစ်သံမှူး Cap-tain Choomsak Nakwijit နှင့် စစ်သံမှူးအသစ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ထိုင်းကြည်းတပ်စစ်သံမှူး Colonel Prachern Chaiyakit နှင့် ရေတပ်စစ်သံမှူး Captain Pinyo Tolieng တို့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

# ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းကြည်းတပ်စစ်သံမှူးနှင့် ရေတပ်စစ်သံမှူးများအား လက်ခံတွေ့ဆုံ

**နေပြည်တော်　　အောက်တိုဘာ　　၅**

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းကြည်းတပ်စစ်သံမှူး Colonel Ekachai Harnpoonvittaya၊ ရေတပ်စစ်သံမှူး Captain Choomsak Nakwijit နှင့် စစ်သံမှူးအသစ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ထိုင်းကြည်းတပ်စစ်သံမှူး Colonel Prachern Chaiyakit နှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel, Gao Tiejun နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့်တရုတ်စစ်သံမှူး Senior Colonel, Xiong Shaowei တို့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



# ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်စစ်သံမှူးများအား လက်ခံတွေ့ဆုံ

**နေပြည်တော်　　အောက်တိုဘာ　　၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel, Gao Tiejun၊ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် တရုတ်စစ်သံမှူး Senior Colonel, Xiong Shaowei တို့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ✻**

ကြေးမုံ The Mirror

၆-၁၀-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာ-လာအို ညီရင်းအစ်ကိုဆက်ဆံရေးခိုင်မာ နှစ်နိုင်ငံ အပြည့်အဝ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူးမာလီဆိုင်ညဆွန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ချစ်ကြည်ရေးခရီးစဉ်အတွင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူးမာလီဆိုင်ညဆွန်နှင့် အောက်တိုဘာ ၁ ရက်က ဗီယင်ကျန်းမြို့ သမ္မတနန်းတော်၌ နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"အစဉ်အလာကြီးမားစွာဖြင့် ခင်မင်ရင်းနှီးမှု၊ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှုနှင့် အပြန်အလှန် နားလည်သဘောပေါက်မှုတို့အပေါ် အခြေခံတည်ဆောက်ခဲ့သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးသည်လည်း တစ်နိုင်ငံ၏ လိုအပ်ချက်ကို တစ်နိုင်ငံက အပြန်အလှန် အကူအညီပေး၍ အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို ဝမ်းမြောက်စွာ တွေ့မြင်နေရပါကြောင်း"** ပြောကြားသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကလည်း **"မြန်မာနိုင်ငံ၏ ချမှတ်ထားသော လမ်းစဉ်(၇)ရပ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရန်အတွက် ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် အပြည့်အဝ ထောက်ခံအားပေးသွားမည် ဖြစ်ကြောင်း"** ပြန်လည်ပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံပြည်တွင်းရေးနှင့် ဒေသတွင်း အခြေအနေများ၊ နိုင်ငံတကာနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ စီးပွားရေးတိုးမြှင့်နိုင်မှုအလားအလာများကို ဆက်လက်ဆွေးနွေးကြသည်။ ထို့အပြင် မြန်မာ-လာအို-ဗီယက်နမ် လမ်းဖောက်လုပ်ရေးကိစ္စ၊ မဲခေါင်မြစ်ကူးချစ်ကြည်ရေးတံတား ပူးပေါင်းတည်ဆောက်ရေးကိစ္စ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးကိစ္စများကိုလည်း အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား ဒေသဆိုင်ရာ နယ်ခြားကော်မတီ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ကြသည်။

သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်သည် ဖြစ်တည်နေသည့် ညီရင်းအစ်ကိုဆက်ဆံရေးကို ပိုမိုခိုင်မာစေရုံသာမက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ အပြည့်အဝ တိုးမြှင့်သွားနိုင်မည်ဖြစ်ပါသည်။ ။





**ကြည့်ရှုစစ်ဆေး**

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

# မုန်းချောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဝန်ကြီး ဦးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၅

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် အောက်တိုဘာ ၁ ရက် ညနေပိုင်းတွင် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ပင်မတမံနှင့် ရေယူအဆောက်အအုံတို့ပေါ်မှနေ၍ တမံအတွင်း ရေဝင်ရောက်နေမှုနှင့် ရေသိုလှောင်ထားရှိမှု၊ ဓာတ်အားပေးစက်ရုံအတွင်း၌ စက်အမှတ်(၁)၊ (၂)နှင့် (၃)တို့မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်မောင်းနှင်နေမှုနှင့် Central Control Room အတွင်း၌ Computer Control System ဖြင့် ဓာတ်အားထုတ်လုပ်မောင်းနှင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။**

**မှာကြား**

ထို့နောက် ဝန်ကြီးသည် စက်ရုံရှိ ဝန်ထမ်းများအား တွေ့ဆုံပြီး ဆည်ရေဝင်ရောက်မှုအခြေအနေအရ မုန်းချောင်းဓာတ်အားပေးစက်ရုံမှ စက်စွမ်းအားပြည့်မောင်းနှင်လည်ပတ်နိုင်ရေးကို ဆောင်ရွက်ကြရန်နှင့် စက်များ ကြံ့ခိုင်ထိန်းသိမ်းရေးကိုလည်း အမြဲဂရုစိုက် ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့သည်။

အဆိုပါ မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ယခုကာလတွင် စက်တစ်လုံးလျှင် ၂၅ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ်ကို ရာခိုင်နှုန်းပြည့်မောင်းနှင် ထုတ်လုပ်ပေးလျက်ရှိပြီး တစ်နှစ်လျှင် ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၃၀ ထုတ်လုပ် မောင်းနှင်ပေးလျက်ရှိသည့် စက်ရုံတစ်ခုဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



# ရမ္မာမော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံမှ Chariot Micro Bus (a) MPV မော်တော်ယာဉ်များ ထုတ်လုပ်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွှေပြည်သာစက်မှုဇုန်(၄) စက်ဆရာဦးထွန်းလမ်း အမှတ်(၅၃/၅၄)ရှိ ရမ္မာမော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေးကုမ္ပဏီမှ နိုင်ငံတကာအဆင့်မီ Chariot Micro Bus(a)MPV မော်တော်ယာဉ်များအား အမျိုးအစားသုံးမျိုးဖြင့်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ မော်တော်ယာဉ်များမှာ ဂျပန်နိုင်ငံMitsubishi Motor Co.,Ltd. ၏ Brand New Engine၊ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းများနှင့် နည်းပညာများကို အသုံးပြု၍ ပြည်တွင်းတွင် ထုတ်လုပ်ထားကြောင်း နိုင်ငံတကာစံချိန်မီ အရည်အသွေးရှိသော မော်တော်ယာဉ်များကို ပြည်တွင်းတွင် ဈေးနှုန်းသက်သာစွာ မောင်းနှင်စီးနင်းနိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ၌ စက်ရုံတည်ထောင်ကာ ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များအတွက် တစ်နှစ်အာမခံဖြင့် အခမဲ့ပြန်လည်ပြုပြင်ပေးကြောင်း၊ Royal Chariot, Super Chariot နှင့် Limited Chariot ဟူ၍ အမျိုးအစားသုံးမျိုးဖြင့် ထုတ်လုပ်လျက်ရှိပြီး ကားအတွင်း၌ လေအေးပေးစက်၊ အပူ၊ အအေးရေခဲသေတ္တာ၊ နောက်ဆုတ်ကင်မရာများ၊ ဒီဗွီဒီစက်များ၊ GPS စနစ်၊ HUD စနစ်(ယာဉ်၏အမြန်နှုန်းကို ရှေ့မှန်ကြီးတွင် Digitalဖြင့် ဖော်ပြပေးသည့်စနစ်)စသည့် အဆင့်မြင့် အသုံးအဆောင်ပစ္စည်းအမျိုးအစား ၁၆ မျိုးအထိ ထည့်သွင်းထားကြောင်း၊ ဆီစားနှုန်းအထူးသက်သာကြောင်း၊ မော်တော်ယာဉ်အသုံးပြုမောင်းနှင်စဉ် လဲလျောင်းအိပ်စက်နိုင်သည့်ခုံများကိုလည်း အသုံးပြုတပ်ဆင်ထားသဖြင့် ခရီးသွားလာရာတွင် မိမိနေအိမ်၌ အနားယူသကဲ့သို့ပင် ပိုမိုသက်သောင့်သက်သာစွာဖြင့် ခရီးသွားလာနိုင်မည်ဖြစ်ပြီး ယာဉ်ပေါ်၌ အရေးပေါ်အစည်းအဝေး (Meeting)များလည်း ပြုလုပ်နိုင်ကြောင်း၊ မော်တော်ယာဉ် မောင်းနှင်စဉ်တွင် ယာဉ်အန္တရာယ်ကင်းစွာဖြင့် တယ်လီဖုန်း ဆက်သွယ်ပြောဆိုနိုင်ရန်အတွက် ယာဉ်တွင် တပ်ဆင်ထားသည့် TV Screenr မှ တယ်လီဖုန်း လက်ခံပြောဆိုခြင်းနှင့် ခေါ်ဆိုခြင်းစနစ်ကိုလည်း တပ်ဆင်ထားကြောင်း၊ Chariot Micro Bus(a) MPV မော်တော်ယာဉ်များကို ဝယ်ယူလို၍ဖြစ်စေ စိတ်ဝင်စား၍ လာရောက်ကြည့်ရှုလေ့လာလိုပါက အမှတ်(၅၃/၅၄) စက်ဆရာဦးထွန်းလမ်း ရွှေပြည်သာစက်မှုဇုန်(၄) အင်း စိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၁၈၃၇၇၊ ၆၁၈၃၈၈၊ ၆၁၈၃၉၉၊ ၀၉-၅၀-၁၃၃၈၉ နှင့် ၀၉-၅၃၉၄၈၈၈၊ ဖက်စ် ၀၁-၆၁၈၃၂၂၊ အီးမေးလ် rammarcar @ goldenland. com.mmသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# 82 Batch B.V.S ဆရာဝန်များ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၅**

၁၉၈၂ခုနှစ် B.V.S ဘွဲ့ရ မွေးမြူဆေးကုဆရာဝန်များ၏ မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်၍ ဆရာကြီး၊ ဆရာမကြီး ၃၅ ဦးတို့ကို ပူဇော်ရန်အတွက် ဒေါက်တာဝင်းမြင့်(FORTUNE) ဖုန်း-၀၉၅၀၁၄၆၄၅၊ ဒေါက်တာသန်းအောင်စိုး (NHL) ဖုန်း-၀၉၅၀၂၅၈၅၂၊ ဒေါက်တာထွန်းအောင်(LBVD) ဖုန်း-၀၉၈၇၀၀၅၃၄၊ ဒေါက်တာ စန်းဦး ဖုန်း-၀၁-၂၅၃၉၀၆၊ ဒေါက်တာမြင့်လွင် (မန္တလေး) ဖုန်း-၀၉၆၅၀၀၁၃၀၊ဒေါက်တာလဲ့လဲ့ဝင်း ဖုန်း-၀၉၅၀၆၉၃၇၁၊ ဒေါက်တာ ဆွေဆွေဝင်း ဖုန်း-၀၉၅၁၉၆၅၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
(ကြေးမုံ)



**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့ အမက ကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းကျော်စိုးမိုး လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်ဖြိုးနှင့် အမှုဆောင်အရာရှိ ဦးအောင်နိုင်ဦးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# မန္တလေးမြို့ပေါ်၌ ဗီဒီယိုလုပ်ငန်းလိုင်စင်များ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ဝင်းနှင့် မန္တလေးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးမိုးကျော်ထွန်းတို့သည် စက်တင်ဘာ ၂၃ ရက်က ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့ပေါ်ရှိ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ကြသူများနှင့် ဖျော်ဖြေရေးလုပ်ငန်းလုပ်ကိုင်ကြသူများအား ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်ရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်း၍ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။
**(အပေါ်ပုံ)** (ကြေးမုံ)

☆ ရှေ့ဖုံးမှ

ရေတပ်စစ်သံမှူး Captain Pinyo Tolieng တို့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဆွေတို့ တက်ရောက်ကြပြီး ထိုင်းကြည်းတပ်စစ်သံမှူးနှင့် ရေတပ်စစ်သံမှူးများနှင့်အတူ ထိုင်း လေတပ်စစ်သံမှူး Group Captain Songpon Jangsri လည်း တက်ရောက်သည်။ (သတင်းစဉ်)

✳ ဒုတိယတပ်မတော်မှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဆွေတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



အောက်တိုဘာ ၅ ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ တပ်မတော်နေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေနှင့် ဇနီး ဒေါက်တာခင်သီတာတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှား သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဦးလွန်းသီ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၅

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း (မြောင်းတကာ) လုပ်ငန်းခွင်သို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီးအား စက်ရုံတည်ဆောက်ရေး စီမံကိန်းဒါရိုက်တာက လက်ရှိစက်လည်ပတ်စမ်းသပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စက်ရုံတည်ဆောက်ရေးနှင့် စက်တပ်ဆင်ရေးတာဝန်ခံ ကုမ္ပဏီများဖြစ်ကြသော Asia World၊ HQCEC နှင့် CHINA II တို့မှ တာဝန်ခံများက ဆောင်ရွက်နေသည့်လုပ်ငန်းအခြေအနေများကို တင်ပြကြ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**

ထို့နောက် ဝန်ကြီးက စက်ရုံ၏ စက်တပ်ဆင်ရေးအပိုင်းများကို အပြီးသတ်တပ်ဆင်ဆောင်ရွက်ပြီး ဖြစ်သဖြင့် စက်များအပိုင်းအလိုက် စမ်းသပ်လည်ပတ်လျက်ရှိရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဝန်ထမ်းများက အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ပညာရှင်အဖွဲ့များ အနေဖြင့်လည်း Ammonia နှင့် Urea များကို နည်းစဉ်မှန်ကန်စွာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထွက်ရှိရေး စနစ်တကျကြိုးပမ်းသွားရမည်ဖြစ်ကြောင်းနှင့် စီမံကိန်းအား သတ်မှတ်ကာလအတိုင်း လုပ်ငန်းများ အောင်မြင်စွာ ပြီးစီးရေးတို့ကို အားထုတ်သွားကြရန် တာဝန်ရှိသူများအား မှာကြားပြီး ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို အသေးစိတ် ချမှတ်ပေးသည်။

**လက်ဆောင်ပေးအပ်**

ဆက်လက်၍ ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ပြည်ပ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေး စီမံကိန်းဝင်းအတွင်းရှိ အရည်အသွေး စစ်ဆေးရေးဌာနသို့ရောက်ရှိပြီး သဘာဝဓာတ်ငွေ့အတွင်း Gas Composition ပါဝင်မှုအချိုးအစား တိုင်းတာစစ်ဆေးနေမှုနှင့် Process Water အဆင့်တိုင်းတွင် ပါဝင်သော ဓာတုဗေဒအချိုးအစား သတ်မှတ်ချက်အတိုင်း ရှိ/မရှိ စစ်ဆေးနေမှု အခြေအနေတို့ကိုလည်းကောင်း၊ ပင်မထိန်းချုပ်ရေး အခန်းမှတစ်ဆင့် Ammonia နှင့် Urea ထုတ်လုပ်သည့် စက်များအား DCS (Distributed Control System ) စနစ်ဖြင့် စမ်းသပ်ထိန်းချုပ်နေမှု အခြေအနေကိုလည်းကောင်း၊ Primary Reformer တွင် Ammonia Production အပိုင်း ကနဦးလုပ်ငန်းစဉ်ဖြစ်သော Primary Reformer Gas Banner ဖြင့် အပူပေးနေမှု အခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ မှော်ဘီမြို့နယ် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း (မြောင်းတကာ) အရည်အသွေးစစ်ဆေးရေးဌာနတွင် ဓာတုဗေဒအချိုးအစား သတ်မှတ်ချက်အတိုင်း ရှိ/မရှိ စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

# ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် အောက်တိုဘာ ၅

**ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၆-၁၀-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ လေးမြတ်စွာပူဇော် မကွေးဆရာတော်(အပိုင်း-၁)
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀ ၅။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅ ၁၄။ **Mail Box**
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ်
-ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း -၉)
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၅၆)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ရယ်စရာရွှင်စရာ ဟာသပဒေသာ -ခရေဇီအကျိုးဆောင် (မိုးခန့်၊ ပေါ်လေး၊ အုန်းသီး၊ ဗေဒါ၊ စိုပြေ၊ စံလင်း၊ ချစ်စုပြာလောင်၊ နန်းစုရတီစိုး၊ တက္ကသိုလ်ဂွမ်းပုံ၊ နှိုင်းယှဉ်မြင့်မိုရ်) (အပိုင်း-၂) (ဇာတ်သိမ်း) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၃။ **Internet Website** ကဏ္ဍ
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၂၁)**
၂၆။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

# စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာကြီး၊ ဆရာမကြီးများဖြစ်သော ပါမောက္ခချုပ်(ငြိမ်း) ဦးမော်သန်း၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါ်ရီရီမြင့်၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း)ဒေါ်လှမြင့်၊ ဦးတင်ဝင်းအောင်(ဥက္ကဋ္ဌ) (MIEGA/MCC)၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက် (အကြံပေး၊ ကုလသမဂ္ဂ)တို့က ဆွေးနွေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတွင် ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည်။ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ပေးမည်ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်ရန် အောက်တိုဘာ ၇ ရက် နောက်ဆုံးထား၍ MIEGA ယာယီရုံးခန်း ဖုန်း-၂၄၆၆၃၄၊ MCC Training Institute သိမ်ကြီးဈေး(စီ)ရုံတွင် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)





**စက်တင်ဘာ ၂၀ ရက်က ကွယ်လွန်သွားသော ဦးသန်းထွန်း(၅) ဆ. သ. ရ (၂)နှစ်ပြည့်အား ရည်စူး၍ တိုက်(၂/အေ) ရတနာမွန်အိမ်ရာ (၂) ရပ်ကွက် လှိုင်မြို့နယ်နေ မိခင် ဒေါ်ခင်မေ၊ ဇနီး ဒေါ်ညိုယဉ်၊ သမီး မငြိမ်းဝတ်ရည်ထိုက် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။** (ကြေးမုံ)

**အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က မြရတနာ ခန်းမ၌ ကျင်းပရာ အဌမတန်း၌ မြို့နယ်အထွေထွေ သိပ္ပံထူးချွန်ဆုရရှိသော မကြည်ဖြူသန့်အား ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဦး ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(ပညာရေး)

# ချင်းတိုးတက်ရေးပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၅

**ချင်းတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးနိုထန်တပ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မြန်မာနိုင်ငံတစ်ဝန်းရှိ ချင်းတိုင်းရင်းသားများနှင့် တိုင်းရင်းသား ညီအစ်ကို အပေါင်းတို့ခင်ဗျာ-**

ချင်းတိုးတက်ရေးပါတီသည် မတ်လ (၂၄) ရက်နေ့ ၂၀၁၀ တွင် ချင်းအမျိုးသား (၂၂) ဦးဖြင့် တည်ထောင်ပြီး ဇွန်လ ၁ ရက်နေ့တွင် နိုင်ငံရေးပါတီ မှတ်ပုံတင်အမှတ် (၂၆)ဖြင့် တရားဝင်တည်ထောင်ခွင့်ရခဲ့သည့် ပါတီဖြစ်ပါတယ်။

နောက်ဆုံးအခြေအနေအရ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်(၉)မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်း (၃၈)ဦးက လွှတ်တော်သုံးရပ်တွင် ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ချင်းတိုးတက်ရေးပါတီ၏ အမှတ်အသားသင်္ကေတအဖြစ် နွားနောက်ကို ရွေးချယ်သုံးစွဲပါတယ်။ အစပိုင်းတွင် အောက်ချင်းငှက်ကို သင်္ကေတအဖြစ် သုံးရန် ရည်ရွယ်ခဲ့ပေမယ့် ချင်းအမျိုးသားတစ်စုလုံး၏ သင်္ကေတဖြစ်နေပါသဖြင့် ဂုဏ်ပြုလေးစားသောအားဖြင့် မသုံးခဲ့ပါ။ နွားနောက်သည် ရှေးကတည်းက ယနေ့အထိ ချင်းလူမျိုးများကို ဘက်စုံအကျိုးပြုသည့် တန်ဖိုးအထားရဆုံး အိမ်မွေးတိရစ္ဆာန်ဖြစ်ပါတယ်။

ချင်းတိုးတက်ရေးပါတီအနေဖြင့် (၂၀၁၀)ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရခြင်း၏အကြောင်းရင်းများကို ဖော်ပြလိုပါတယ်။ ပထမအချက်အနေဖြင့် (၂၀၀၈)အခြေခံဥပဒေကို သေချာလေ့လာသည့်အခါ နိုင်ငံတော်၏ အမြင့်ဆုံးအာဏာရှိသည့် လွှတ်တော်သုံးရပ်တွင် ပြည်သူပါဝင်နိုင်ကြောင်း တွေ့ရှိရပါတယ်။ ဤအချက်သည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်ပါတယ်။ တစ်ဦးတစ်ယောက် (သို့မဟုတ်)အုပ်စုတစ်စုကနေစီးဆင်းလာတဲ့ အာဏာမျိုး မဟုတ်ဘဲ ပြည်သူဆီကနေ စီးဆင်းလာတဲ့အာဏာမျိုး ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒီအချက်ကို ကောင်းတယ်လို့မြင်ပါတယ်။

ဒုတိယအချက်အနေဖြင့် ဖော်ပြပါ အမြင့်ဆုံးအာဏာ ပိုင်ဆိုင်ထားတဲ့ လွှတ်တော်သုံးရပ်စလုံးတွင် ချင်းလူမျိုးများ ပါဝင်နိုင်တာကိုတွေ့ရှိရပါတယ်။ အထူးသဖြင့် ချင်းပြည်နယ်အတွက် သီးသန့်ပြည်နယ်လွှတ်တော်ရှိပြီး ချင်းပြည်သူ ရွေးကောက်တင်မြှောက်သည့် ပုဂ္ဂိုလ်များလက်ထဲတွင်လုပ်ပိုင်ခွင့်အာဏာရှိလာမည်ဖြစ်သည့်အတွက် ကောင်းသည်ဟုမြင်ပါတယ်။ နောက်ပြီး ချင်းပြည်နယ်ပြင်ဘက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပမာ-စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ရှိ ချင်းလူမျိုးများအတွက် သီးသန့် "ချင်းရေးရာကိုယ်စားလှယ်(သို့မဟုတ်)ဝန်ကြီး"နေရာရရှိသည့်အတွက် အထူး ကျေနပ်မိပါတယ်။ ခုလို ချင်းပြည်နယ်ပြင်ဘက်ရှိ ချင်းပြည်သူများက သူတို့၏ အကျိုးကိုဆောင်ရွက်ပေးမည့် ဝန်ကြီးတစ်ယောက် တိုက်ရိုက်ရွေးနိုင်ခွင့်ရှိသည့်အချက်ဟာ အင်မတန်ကောင်းပါတယ်။

နောက်ဆုံးအချက်အနေနှင့် ချင်းတိုးတက်ရေးပါတီအနေဖြင့် ဒီရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရခြင်းသည် ပါတီအားလုံး တန်းတူအခွင့်အရေးရရှိပြီး ဘယ်ပါတီမှ အထူးအခွင့်အရေးရရှိခြင်းမရှိသည့်အတွက် ဖြစ်ပါတယ်။ တချို့ မဲဆန္ဒနယ်တွေမှာ ဥပမာအားဖြင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက အထူးအခွင့်အရေးနှင့် အထူးအာဏာရှိသလိုမျိုး ပြောဆိုသံကြားရပါတယ်။ အမှန်စင်စစ် ဘယ်ပါတီမှ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီအပါအဝင် အထူးအခွင့်အရေးရရှိသည့်ပါတီမရှိပါဘူး။ ရွေးကောက်ပွဲကော်မရှင် ဦးဆောင်မှုအောက်ရှိ ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲနည်းဥပဒေဘောင်ထဲတွင် ရှိနေကြတာပါ။ ဤအချက်ကို ရွေးကောက်ပွဲအတွက် မဲဆွယ်သည့်ကာလတွင် ပြည်သူအားလုံး သိရှိနားလည်ရန် အထူး အရေးကြီးပါတယ်။ နောက်ပြီး ဘယ်ပါတီကမှ ဤရွေးကောက်ပွဲတွင် ဘယ်လောက်ပဲနိုင်နိုင် အစိုးရဖွဲ့လို့ မရပါဘူး။ လွှတ်တော်(၂)ခုနှင့် တပ်မတော် လွှတ်တော်ကိုယ်စားလှယ်များမှ တစ်ဦးစီ ရွေးကောက်တင်မြှောက်ထားသည့် သမ္မတကသာ သူရွေးချယ်ခန့်ထားသည့် ဝန်ကြီးအဖွဲ့နှင့် အစိုးရဖွဲ့ရမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ချင်းတိုးတက်ရေးပါတီက တချို့ပါတီနှင့် နှိုင်းရင် ရရှိနိုင်မည့်အမတ်နေရာ နည်းနေပေမယ့်လည်း တိုင်းပြည်ကို အုပ်ချုပ်သည့် ဝန်ကြီးအဖွဲ့တွင် ပါဝင်ဖို့နည်းလမ်း ရှိပါတယ်။ ဤအချက်ကို သိရှိထားပြီး အားငယ်မနေဖို့ လိုအပ်ပါတယ်။

တချို့ပြောနေတဲ့ မဲထည့်သည့်နေ့မှာ ထင်သာမြင်သာရှိပြီး တရားမျှတတဲ့ ရွေးကောက်ပွဲရှိမှာ မဟုတ်ဘူးဆိုတာလည်း နားယောင်ပြီး မယုံဖို့ အရေးကြီးပါတယ်။ နိုဝင်ဘာလ (၇) ရက်နေ့ မဲထည့်သည့်နေ့မှာ ပြည်သူအားလုံး လွတ်လွတ်လပ်လပ် ကိုယ်ရွေးချယ်သည့်ပါတီနှင့် ပုဂ္ဂိုလ်အတွက် မဲပေးနိုင်တာ တွေ့ရပါလိမ့်မယ်။



ထို့ကြောင့် မဲပေးသည့်အခါ ပါတီနှင့် ပုဂ္ဂိုလ်အရွေးမမှားဖို့ အရေးကြီးပါတယ်။ ပြည်သူတစ်ယောက်၏ မဲတစ်ပြားက ကိုယ့်ရပ်ရွာနှင့် လူမျိုး၏ တိုးတက်ရာ တိုးတက်ကြောင်းကို အဆုံးအဖြတ် ပေးနိုင်တယ်ဆိုတာ သိထားဖို့လိုပါတယ်။ နောက်ပြီး မဲပေးတဲ့အခါ မှားယွင်းမှုမရှိရန် အထူး သတိထားသင့်ပါတယ်။

ချင်းတိုးတက်ရေးပါတီ တစ်ခုအနေဖြင့် ဤရွေးကောက်ပွဲနှင့် အနာဂတ်တိုင်းပြည်အုပ်ချုပ်ရေးအတွက် အခြေခံထားသည့် ၂၀၀၈ အခြေခံဥပဒေကို သေချာလေ့လာသည့်အခါ ပြင်ဆင်လိုသည့်အချက်များလည်း ရှိပါတယ်။ ဥပမာ- ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်နှင့် အစိုးရတွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို သည့်ထက်ပိုပြီး ပေးသင့်သည်ဟု မြင်ပါတယ်။ အထူးသဖြင့် ပြည်နယ်လွှတ်တော်နှင့် အစိုးရ၏လုပ်ပိုင်ခွင့်ကို ပိုပေးသင့်သည်ဟု မြင်ပါတယ်။ ဤသို့ ပိုပေးခြင်းအားဖြင့် ပြည်နယ် (၇)ခုရှိ တိုင်းရင်းသားများတွင် ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့် ပိုမိုရရှိမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးများထဲတွင် ကျေနပ်မှုပိုမိုရှိလာနိုင်ပြီး ပြည်ထောင်စုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုခိုင်မာစေမည်ဟု ယုံကြည်ပါတယ်။

နောက်ဆုံးအနေဖြင့် ချင်းတိုးတက်ရေးပါတီ၏ ဝါဒသဘောထားနှင့် ရည်ရွယ်ချက်ကို အကျဉ်းချုပ်တင်ပြလိုပါတယ်-

(၁) ဒီမိုကရေစီအရေး၊ တန်းတူညီမျှရေးနှင့် လူ့အခွင့်အရေးတို့ကို ပြည်သူလူထုနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်ရန်။
(၂) ပြည်သူလူထုကို အခြေခံသည့် စီးပွားရေးစနစ် တည်ဆောက်ရေး၊ အကြမ်းမဖက်ရေး၊ ငြိမ်းချမ်းရေးကို ရှေးရှုရေး။
(၃) ချင်းတိုင်းရင်းသားများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးအတွက် ဆောင်ရွက်ရန်။
(၄) ချင်းတိုးတက်ရေးပါတီတွင် ခိုင်မာသည့် ရည်မှန်းချက်ပန်းတိုင်ထားရှိရေး၊ အဆင့်အတန်းမရွေး တန်းတူပါဝင်မှု ရရှိရေးကို ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၆-၁၀-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ ဝဋ္ဋသုတ်၊ မောရသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "မရဏသတိ" တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂)**
- ၈း၄၀ A Night of Pop (Part-4)
- ၉း၂၀ ထူးထူးခြားခြားကုသိုလ်ယူ မော်လမြိုင်မြို့မှ ဆေးပဋ္ဌာန်းအလှူ
- ၉း၄၀ အားကစားမြင်ကွင်းစုံ (နန္ဒ၊ ခင်မောင်ထွန်း၊ မြတ်သူရ)
- ၁၀း၀၀ အသံတိတ်အိပ်မက်ဆိုး (မေသန်းနု၊ ချစ်သုဝေ၊ ဂျင်းနီ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၀း၃၅ ဓာတ်ပုံထဲမှအမှတ်တရများ (နေဆန်း)
- ၁၁း၀၀ သင်ယူလေ့လာ ဂီတပညာ (Music Theory Basic Module-01)
- ၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၂း၄၀ Activities In The City မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း(ရန်ကုန်)၏ ဆေးကုသပွဲ အခမ်းအနား
- ၁း၀၀ "မရဏသတိ" တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (ဗန်းစကားပြောတာကောင်းတယ်၊ ဗန်းစကားမပြောတာ ကောင်းတယ်)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၅)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂)**
- ၄း၄၀ ထူးထူးခြားခြားကုသိုလ်ယူ မော်လမြိုင်မြို့မှ ဆေးပဋ္ဌာန်းအလှူ
- ၄း၅၅ Activities In The City မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း(ရန်ကုန်)၏ ဆေးကုသပွဲ အခမ်းအနား
- ၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ သင်ကြားရေးလမ်းညွှန် (တခိုင်လုံးရွှေအေးအေးမြင့် အကသင်တန်း)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၆)**
- ၇း၁၀ A Night of Pop (Part-5)
- ၈း၀၀ MRTV-4 သတင်း - နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၈း၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဆလိုင်းသွဲအောင်)
- ၉း၁၀ Celebrity Style (ဝေလွှံ)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃)**
- ၁၀း၀၅ Cartoon Show Time (Spirit of the Forest)
- ၁၀း၄၅ နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (Royal Rose & တက်တိုးနုယဉ်ကွန်ဒို)
- ၁၁း၀၅ အသံတိတ်အိပ်မက်ဆိုး (မေသန်းနု၊ ချစ်သုဝေ၊ ဂျင်းနီ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၁း၄၀ World of Knowledge (Mega Structure Akashi Kaikyo Bridge)
- ၁၂း၁၀ Industrial Talk
- ၁း၀၀ နုပျိုလန်းဆန်းကျန်းမာဖို့ SG 2000 Ultrasonic Bubblo Message Bath
- ၁း၂၅ ကျောက်ကပ်နှင့် ကျောက်ကပ်ရောင်ရောဂါအကြောင်း (ပါမောက္ခ ဒေါက်တာ ခင်မောင်ဌေး)
- ၁း၄၅ အလှဆင်စရာပရိဘောဂကမ္ဘာ (Inner Space)
- ၂း၀၀ ပါရမီတက္ကစီစွမ်းဆောင်အား ပြည်သူများအတွက်အလေးထား
- ၂း၂၀ ကယ်တင်ကြစို့ တို့ကမ္ဘာ
- ၂း၃၀ 3D ကျွဲကော
- ၂း၄၅ NOKIA မှသည် Handset ကမ္ဘာဆီသို့
- ၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၅ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
- ၄း၃၀ အဆင်းရောအချင်းပါပြည့်စုံတဲ့ မြစ်မင်းဧရာဝတီကို စုန်ဆင်းခြင်း ခရီးတစ်ခေါက်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

**(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည) ၆-၁၀-၂၀၁၀**

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန်+သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၆၀) နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် ဂန္ထဝင်ရင်ခုန်သံ(၁၄)
- ၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ပန်းကလေးများအတွက် ဆန္ဒမွန်)
- ၁၂း၄၅ တေးပဒေသာ
- ၁း၀၀ မွန်းလွဲပိုင်းသတင်း
- ၁း၁၀ တေးပဒေသာ
- ၁း၃၀ အစီအစဉ်ပြီး၏။
- ၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၄း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၅း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးနီတူခြောက်အစပ်ကြော်နှင့် မျှစ်တာလပေါ်ဟင်း)
- ၅း၁၀ Current Song
- ၅း၂၅ သတင်းစာဆောင်းပါး
- ၅း၃၀ တေးပဒေသာ
- ၅း၃၅ အင်္ဂလိပ်စာသုတပဒေသာ(၂၇)
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
- ၆း၂၀ ကျေးလက်ဇာတ်လမ်း (အသိလေးတစ်ချက်)
- ၆း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၇း၀၀ နိုင်ငံတကာသတင်း
- ၇း၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၇း၁၅ အနုအလှအစုံစုံသုဘဝအဖုံဖုံ (ဒါရိုက်တာမိုက်တီး)
- ၇း၃၀ တေးပဒေသာ
- ၇း၄၀ ဝတ္ထုတိုခံစားမှု(ဖက်ခွလုံး)
- ၈း၀၀ ပြည်တွင်းသတင်း
- ၈း၁၅ နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ တေးပဒေသာ စီးပွားရေးဦးတည်ချက်
- ၈း၅၀ ကျန်းမာရေးရာသိကောင်းစရာ (အသည်းရောင်အသားဝါဘီပိုးနှင့် စီပိုးများ ကာကွယ်ခြင်း) လူမှုရေးဦးတည်ချက်
- ၉း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
- ၉း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၁၀း၀၀ အစီအစဉ်ပြီး၏။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# ဟန်ဂေရီ၌ အလူမီနီယမ်စက်ရုံ အဆိပ်သင့်စွန့်ပစ်အနည်အနှစ်သိုလှောင်ကန်ပွင့်ထွက် ဓာတုဒြပ်ပေါင်းများ ဖုံးလွှမ်းမှုကြောင့် ဒေသအချို့တွင် အရေးပေါ်အခြေအနေထုတ်ပြန်

**ဘူဒါပတ်စ် အောက်တိုဘာ ၅**

ဟန်ဂေရီနိုင်ငံရှိ အလူမီနီယမ် စက်ရုံတစ်ရုံ၏ စွန့်ပစ်အဆိပ်သင့်အနည်အနှစ်သိုလှောင်ကန်တစ်ကန် ပွင့်ထွက်ခဲ့ရာ အဆိပ်သင့်ဓာတုပစ္စည်းအနည်အနှစ်များ ပတ်ဝန်းကျင်ဒေသများကို ဖုံးလွှမ်းခဲ့သဖြင့် ခရိုင်သုံးခု၌ အရေးပေါ်အခြေအနေ ကြေညာချက်ကို ယနေ့ထုတ်ပြန်ခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ပွင့်ထွက်ခဲ့သော ဓာတုအနည်အနှစ်သိုလှောင်ကန်မှာ ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့ အနောက်တောင်ဘက် မိုင် ၁၀၀ အကွာတွင် တည်ရှိပြီး ယင်းဖြစ်စဉ်ကြောင့် လူလေးဦးသေဆုံး၍ ခြောက်ဦးပျောက်ဆုံးနေကာ ၁၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိပ်သင့်ဓာတုအနည်အနှစ် သိုလှောင်ကန်ပွင့်ထွက်မှုကြောင့် ထွက်ပေါ်လာသော ဓာတုဒြပ်ပေါင်းပမာဏသည် ကုဗမီတာ တစ်သန်းမျှရှိပြီး နယ်မြေဧရိယာအကျယ်အဝန်း ၁၅ ဒသမ ၄ စတုရန်းမိုင်ကို ထိခိုက်ပျက်စီးစေနိုင်ကြောင်း ဟန်ဂေရီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနက ပြောကြားသည်။

ထွက်ပေါ်လာသော အဆိပ်သင့်ဒြပ်ပေါင်းများ တစ်နေရာတည်းတွင် စုစည်းမိစေရန်နှင့် တစ်ပြန့်တကျဲမျောပါမသွားစေရန် အခင်းဖြစ်ပွားရာဒေသရှိ မာကယ်လ်မြစ်ထဲသို့ ဓာတုကော်ရည်များ လောင်းထည့်ခဲ့ရကြောင်း ဟန်ဂေရီအမျိုးသား သဘာဝဘေးစီမံခန့်ခွဲရေးညွှန်ကြားရေးမှူးရုံးက ပြောကြားသည်။

အဆိုပါဖြစ်စဉ်သည် ဂေဟဗေဒစနစ်ဆိုင်ရာ ဘေးဥပဒ်ဖြစ်ကြောင်း၊ ယင်းဓာတုအနည်အနှစ်များသည် ရာဘာနှင့် ဒင်းညုမြစ်များအတွင်းထိရောက်ရှိသွားနိုင်ကြောင်း ဟန်ဂေရီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနက ပြောကြားသည်။ **အေပီ။**



**ဓာတုပစ္စည်း ကာကွယ်ရေးဝတ်စုံဝတ်ဆင်၍ အဆိပ်သင့်ပစ္စည်းများကို ရှင်းလင်းနေသော ဟန်ဂေရီတပ်ဖွဲ့ဝင်တစ်ဦး။**



# ဂျာမန်စစ်သွေးကြွများ၏ အန္တရာယ် ဥရောပ စိုးရိမ်ရဖွယ်ရှိ

**ဘာလင် အောက်တိုဘာ ၅**

ဂျာမန်အစွန်းရောက် အစ္စလာမ္မစ်အဖွဲ့အစည်းများသည် လေ့ကျင့်သားပြည့်ဝပြီးသော အကြမ်းဖက်သမား ၁၀၀ကျော်ကို မွေးထုတ်ပေးခဲ့သည်ဟု ဂျာမန်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူများက ယူဆကြောင်း အောက်တို ဘာ ၅ ရက် သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံတွင် အမေရိကန်မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်မှုကြောင့် ဂျာမန်စစ်သွေးကြွရှစ်ဦး သေဆုံးခဲ့သည်ဟူသောသတင်းသည် ဂျာမနီနိုင်ငံတွင် စစ်လိုလားသော အစ္စလာမ္မစ်အစွန်းရောက်များ အင်အားကောင်းလာသည်ကို ဖော်ညွှန်းနေသည်။ ဂျာမနီအစိုးရက ဥရောပတိုက်သည် အကြမ်းဖက်သမားများ တိုက်ခိုက်လာနိုင်သည့် အန္တရာယ်ကြုံတွေ့နိုင်ကြောင်း အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့၏ သတိပေးချက်ကို လက်ခံခဲ့ခြင်းမရှိပေ။ သို့ရာတွင် ဂျာမန်ရဲတပ်ဖွဲ့ကမူ အာဖဂန်နှင့်ပါကစ္စတန် နယ်စပ်တွင် လေ့ကျင့်မှုများ ရယူခဲ့သော ဂျာမန်စစ်သွေးကြွများ၏ အန္တရာယ်သည် တဖြည်းဖြည်း တိုးမြင့်လာကြောင်း သိမြင်ခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

ဂျာမန် အစ္စလာမ္မစ် အစွန်းရောက်ဝါဒီ ၁၀၀ကျော်အနက် ၄၀ ခန့်သည် ဖောက်ခွဲရေးဆိုင်ရာသင်တန်းများ တက်ရောက်ပြီးသူများဖြစ်ရာ ၎င်းတို့သည် ဂျာမနီနိုင်ငံအတွက် အလွန်အန္တရာယ်ကြီးကြောင်း ဂျာမန်ရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

# ဂျပန်နှင့်တရုတ်ဆက်ဆံရေး တိုးတက်ရန် နှစ်နိုင်ငံခေါင်းဆောင်များ ကြိုးပမ်းမည်

**ဘရပ်ဆယ် အောက်တိုဘာ ၅**

ဂျပန်ဝန်ကြီးချုပ် နာအိုတိုခန်နှင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်တို့သည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် သဘောတူညီကြကြောင်း ဂျပန်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အောက်တိုဘာ ၅ ရက် တွင် ပြောကြားသည်။

## တွေ့ဆုံဆွေးနွေးခဲ့ကြ

အာရှ-ဥရောပ ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့သို့ ရောက်ရှိနေကြသော ဂျပန်နှင့် တရုတ်ခေါင်းဆောင်များသည် အောက်တိုဘာ ၄ ရက်က ညစာစားပွဲအပြီးတွင် ခေတ္တခဏ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ဂျပန်ဝန်ကြီးအဖွဲ့၏ ပြည်သူ့ဆက်ဆံရေးဆိုင်ရာ ဒုတိယအတွင်းဝန် နိုရီယူကီရှိကာတာက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် အရှေ့တရုတ်ပင်လယ်ရှိ ကျွန်းများနှင့် ပတ်သက်၍ ပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားမှု ဆက်လက်ဖြစ်ပေါ်နေချိန်အတွင်း ခေတ္တခဏ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

## အငြင်းပွားမှု ပေါ်ပေါက်

အရှေ့တရုတ်ပင်လယ်ရှိ နှစ်နိုင်ငံအငြင်းပွားနေသော ကျွန်းများအနီးတွင် စက်တင်ဘာ ၈ ရက်က တရုတ်ငါးဖမ်းရေယာဉ်၏ ရေယာဉ်မှူးအဖမ်းခံခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် တရုတ်နှင့် ဂျပန်တို့အကြား သံတမန်ရေး အငြင်းပွားမှု ပေါ်ပေါက်ခဲ့သည်။

## သဘောတူညီ

ပင်လယ်ရေကြောင်းဆိုင်ရာ သံတမန်ရေးတင်းမာမှုများသည် နှစ်နိုင်ငံစလုံးအတွက် လိုလားဖွယ်ရာ မကောင်းကြောင်း၊ သို့ဖြစ်၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ရန် လိုအပ်ပုံကို ခေါင်းဆောင်နှစ်ဦး သဘောတူညီကြကြောင်းသိရသည်။ **အေအက်ဖ်ပီ။**



# အကြမ်းဖက်မှု ကြံစည်သူများအား ပြင်သစ်ရဲတပ်ဖွဲ့ ဖမ်းဆီး

**ပါရီ အောက်တိုဘာ ၅ -** ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် ပြုလုပ်ခဲ့သော အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး စစ်ဆင်ရေးတစ်ရပ်တွင် ပြင်သစ်ရဲတပ်ဖွဲ့က လူကိုးဦးကို ဖမ်းဆီးခဲ့ပြီး လက်နက်ခဲယမ်းများကိုလည်း သိမ်းဆည်းခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။ သတင်းဌာနများ၏ အဆိုအရ ပြင်သစ်ရဲတပ်ဖွဲ့သည် ပြင်သစ်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သော မာဆေးလ်မြို့နှင့် အေဗီနွန်မြို့များတွင် စစ်ဆင်ရေးများပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းစစ်ဆင်ရေးများအတွင်း ပြင်သစ်ရဲတပ်ဖွဲ့သည် ကလပ်ရှ်နီကော့ဗ်ရိုင်ဖယ်တစ်လက်နှင့် အခြားလက်နက်ခဲယမ်းများကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

အင်္ဂါနေ့တွင်ပြုလုပ်ခဲ့သော သီးခြားစစ်ဆင်ရေးတစ်ရပ်တွင် ပြင်သစ်ရဲတပ်ဖွဲ့သည် ပြီးခဲ့သည့် ရက်သတ္တပတ်က အီတလီနိုင်ငံတွင် ဗုံးပြုလုပ်သောကိရိယာများ လက်ဝယ်ထားရှိမှုဖြင့် ဖမ်းဆီးခံထားရသော အယ်လ်ဂျီးရီးယားနိုင်ငံဖွားတစ်ဦးနှင့် အဆက်အသွယ်ရှိသူ သုံးဦးကို ဖမ်းဆီးခဲ့သည်။

နှစ်ဦးကို မာဆေးလ်မြို့တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ကျန်တစ်ဦး ကို ဘော့စ်ဒိုမြို့တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ **အေအက်ဖ်ပီ။**

# မြောက်ပိုင်းအိုင်ယာလန်၌ ကားဗုံးပေါက်ကွဲ

**ဘယ်လ်ဖတ်စ် အောက်တိုဘာ ၅**

မြောက်ပိုင်းအိုင်ယာလန်ရှိ ကုန်တိုက်တစ်တိုက် ပြင်ပတွင် အောက်တိုဘာ ၅ ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ယင်းကုန်တိုက် အဆောက်အအုံမှာ အကြီးအကျယ်ပျက်စီးခဲ့ရကြောင်း၊ သို့ရာတွင် ထိခိုက်ဒဏ်ရာရ သူမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လန်ဒန်ဒါရီမြို့ရှိ ဒါဗင်စီကုန်တိုက် အဆောက်အအုံနောက်ဘက်ရှိ ဘဏ်တိုက်တစ်တိုက်ပြင်ပတွင် ညသန်းခေါင်ယံကျော်လွန်အပြီး မကြာမီမှာပင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း မြောက်ပိုင်းအိုင်ယာလန်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ကားဗုံးပေါက်ကွဲမှုမဖြစ်ပွားမီ တစ်နာရီကျော်ကြိုတင်၍ သတိပေးချက်ရရှိခဲ့ကြောင်း၊ ပဏာမစုံစမ်းစစ်ဆေးချက်အရ ထိခိုက်ဒဏ်ရာရသူမရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မြောက်ပိုင်းအိုင်ယာလန်သည် ဗြိတိသျှပိုင်ပြည်နယ်တစ်ခုဖြစ်ပြီး အစိုးရနှင့် သဘောထားကွဲလွဲသူ ရီပတ်ဘလီကန်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပျက်ပြားစေရန် အကြမ်းဖက်မှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိကြသည်။ **အေအက်ဖ်ပီ။**

# ပါကစ္စတန်တရားရုံးများ အခက်အခဲကြုံတွေ့

**ပန်ဂျပ် အောက်တိုဘာ ၅ -** ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် အနည်းဆုံး တရားသူကြီး ၁၃၀၀မျှသည် ရာထူးမှနုတ်ထွက်စာတင်ခဲ့ကြရာ တရားစီရင်ရေးကဏ္ဍများတွင် အခြေအနေ ဆိုးရွားနေကြောင်း၊ ရှေ့နေများလွန်ကျူးသော ပြုမူဆက်ဆံပုံများကို သည်းမခံနိုင်တော့သဖြင့် အဆိုပါ တရားသူကြီးများသည် ၎င်းတို့၏ နုတ်ထွက်စာကို အောက်တိုဘာ ၄ ရက်တွင် တင်ခဲ့ကြခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

တရားရုံးများတွင် တရားသူကြီးများ မရှိသဖြင့် အမှုသည်များသည် အခက်အခဲများ ကြုံတွေ့နေရပြီး စစ်ဆေးကြားနာဆဲ အမှုထောင်ပေါင်းများစွာကို ရက်ရွှေ့ဆိုင်းခဲ့ကြသည်ဟု သိရှိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**



**အင်ဒိုနီးရှားနိုင်ငံ ပါပူဝါပြည်နယ်တွင် ရုတ်တရက်ရေလွှမ်းမိုးမှု ဖြစ်ပွားပြီးနောက် မြင်ကွင်းကို အောက်တိုဘာ ၅ ရက်က တွေ့ရစဉ်။**
[ယင်းရေလွှမ်းမိုးမှုကြောင့် ယနေ့အထိ အနည်းဆုံး လူ ၅၆ ဦး သေဆုံးခဲ့ရသည်။] (ဓာတ်ပုံ-အေပီ)



# ဝန်ကြီး ဦးကျော်ဆန်း ဆားလင်းကြီးမြို့နယ် ဒုန်းတောကျေးရွာ ပညာရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အားပေး ပြည်သူများ စာပေဖတ်ရှုသည့်အလေ့အထ စွဲမြဲလာစေရန် စည်းရုံးဆောင်ရွက်ကြရန် မှာကြား

နေပြည်တော် အောက်တိုဘာ ၅

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဒုန်းတောကျေးရွာ ပညာရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဝင်းကြည်၊ စာကြည့်တိုက်မြေအလှူရှင် ဦးစိုးမြင့်နှင့် ရပ်မိရပ်ဖ ဦးမြင့်သိန်းတို့က ပညာရောင်ခြည်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ပညာရောင်ခြည်စာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်မြေ အလှူရှင် ဦးစိုးမြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်စာစောင်များကို စာကြည့်တိုက်မှူးထံသို့ လည်းကောင်းပေးအပ်သည်။

ယင်းနောက် ဝန်ကြီးက ဒေသခံပြည်သူများအနေဖြင့် ကျေးရွာစာကြည့်တိုက်သို့ လာရောက်ကြ၍ စာပေဖတ်ရှုလေ့လာကြရန်၊ ပြည်သူများ စာပေဖတ်ရှုသည့်အလေ့အထ စွဲမြဲလာစေရန်အတွက် တာဝန်ရှိသူများက ပညာပေးစည်းရုံးဆောင်ရွက်ကြရန်နှင့် စာကြည့်တိုက် ရေရှည်ခိုင်မာ ဖွံ့ဖြိုးရှင်သန်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စာကြည့်တိုက်အတွင်း သုတ၊ ရသ စာအုပ်စာစောင်များ၊ ဂျာနယ်များ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများကို အားပေးစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရှင်းလင်း မှာကြား

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ဆားလင်းကြီးမြို့နယ် ဒုန်းတောကျေးရွာ ပညာရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံ ပြည်သူများအား ရှင်းလင်းမှာကြားစဉ်။** (သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ဆားလင်းကြီးမြို့နယ် ဒုန်းတောကျေးရွာ ပညာရောင်ခြည်စာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများကို အားပေးစကား ပြောကြားစဉ်။** (သတင်းစဉ်)

# ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၅**

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၃၉)တွင် "Political Time" အထူးအချပ်ပို အပါအဝင် "နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲ ရန်ပုံငွေ" နိုင်ငံရေးသုံးသပ်မျက်နှာဖုံးဆောင်းပါး၊ မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးဘတင့်ဆွေနှင့် တွေ့ဆုံခြင်းအပါအဝင် ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအပါအဝင် တိုင်းအဆင့် ဌာနဆိုင်ရာရုံးများ လွှတ်တော်ရုံးတွင် ရုံးစိုက်ပြီ၊ ဆရာကြီး မောင်စူးစမ်း ရေးသားသည့် "ရွေးကောက်ပွဲလွန်ကာလနှင့် အလားအလာ သုံးပါး"၊ ဆရာမောင်ဝံသ ရေးသားသည့် "အမှားအယွင်းမရှိ မဲပေးခြင်းဖြင့်"၊ ဆရာဦးကျော်ဝင်းရေးသားသည့် "ဖွံ့ဖြိုးဆဲကမ္ဘာနှင့် ဒီမိုကရေစီလှိုင်း"၊ ဆရာဦးကိုကိုလှိုင် ရေးသားသည့် "မတူသော်လည်း ညီကြရပါလိမ့်မည်" စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ နာမည်ကျော် The Last Airbender ဇာတ်ကားတွင် ပုဂံဘုရားပုထိုးများ၏ ပုံရိပ်များကို ထည့်သွင်းအသုံးပြုထား၊ ရန်ကုန်-ကျောက်ဖြူလမ်းပိုင်းရှိ ခွေးတောက်ချောင်းတံတား ထပ်မံပြိုကျ၊ မင်းတုန်းမင်း လက်ထက်ဥယျာဉ်တော် မနော်ရမ္မဥယျာဉ်တွင် ခေတ်မီဘက်စုံကစားကွင်းဖွင့်မည်၊ မြန်မာ့ဆန် ပထမဆုံးအကြိမ် ISO လက်မှတ်ရရှိ၊ ရုပ်သံချန်နယ် ၃၀ ကျော်၊ တယ်လီဖုန်းနှင့် အင်တာနက်ကို တစ်ပြိုင်တည်း အသုံးပြုနိုင်သည့်စနစ် ရန်ကုန်တွင် ကုမ္ပဏီလေးခု ဆောင်ရွက်မည်၊ ဘုရင့်နောင် ကုန်စည်ဈေးကွက်၊ မန္တလေးကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "လူငယ်နှင့် ဂါရဝတရား"၊ "စိတ်ဓာတ်အရမ်းပြင်းထန်နေရင် ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ စိတ်ကိုထည့်ထားတယ်" သီရိရှင်းသန့်နှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အမေရိကန်နှင့် အာဆီယံခေါင်းဆောင်များ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားကြရန် ကတိကဝတ်ပြုကြ၊ ထိုင်းလူမျိုးတို့ ပျော်ရွှင်မှုညွှန်းကိန်းများ ကျဆင်း၊ ဂျွန်ဟော့ကင်းတက္ကသိုလ်နှင့် မလေးဒေသခံကုမ္ပဏီတို့ ပူးပေါင်းပြီး ဆေးကျောင်းဖွင့်မည်၊ ဖြစ်ပေါ်နေသော အခြေအနေများကို အပြုသဘောဆောင်သော ဟာသများ စင်ကာပူသားတို့ပြုလုပ်နေ၊ ကန်ပြည်ထောင်စုတွင် လိင်တူဆက်ဆံမှုကြောင့် အိတ်ချ်အိုင်ဗွီပိုး ကူးစက်မှုများ၊ ဥရောပတွင် ဦးဆောင်နေသော ဘဏ်အကြီးအကဲများ ရာထူးမှ နုတ်ထွက်၊ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၆-၁၀-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၅ ၇။ အဆိုပြိုင်ပွဲ
၈:၁၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၂၀ ၉။ တေးဂီတအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ "ကလေးများအတွက် အကောင်းဆုံး"
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၃:၃၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (မကွေး အသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်း)
၄:၅၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၃။ သီချင်းကြီးပဒေသာ
၅:၁၀ ၄။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၅:၂၅ ၅။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆:၀၀ ၆။ ညနေခင်းသတင်း
၆:၂၀ ၇။ မိုးလေဝသအခြေအနေ
၆:၂၅ ၈။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆:၃၅ ၉။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၀၅ ၁၀။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
၇:၄၅ ၁၁။ အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံရေးပါတီများ၏ ဟောပြောချက် အစီအစဉ်
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၈၃)**
၁၇။ **မြန်မာဗီဒီယိုဇာတ်လမ်း "အိပ်မက်စေညွှန်းရာ" (စိုင်းစိုင်းခမ်းလှိုင်၊အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဝိုင်း)**
၁၈။ အစီအစဉ်ပြီး၏။

## သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၅**

စက်တင်ဘာ ၁၈ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း၊ ခြင်ထောင်ဆေးစိမ်ခြင်းလုပ်ငန်းနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို အမှတ်(၁)ရပ်ကွက်၊ ၃၃ လမ်းနေအိမ်များတွင် ဆောင်ရွက်လျက်ရှိရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူဇော်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

**အထက(၁) သန်လျင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၅ ရက်က ပတ္တမြားခန်းမ၌ ကျင်းပရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မောင်မျိုးဇော်အောင်အား မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဦးတင်ဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၅၂၇)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်

## ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၅

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂ ရက်တွင် လောပိတရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အမှတ်(၂)သို့ ရောက်ရှိရာ စက်ရုံမှူးကြီးက ဓာတ်အားထုတ်လုပ်ပေးပို့နိုင်မှုအခြေအနေနှင့် ဓာတ်အားခွဲဝေဖြန့်ဖြူးပေးပို့နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဘီလူးချောင်း ရေစီးဆင်းမှုအခြေအနေ၊ စက်ရုံတည်နေရာ မြေမျက်နှာသွင်ပြင်နှင့် ပတ်ဝန်းကျင်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လောပိတရေအားလျှပ်စစ်စက်ရုံ အမှတ်(၃)တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်အောင်သန်းထွဋ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် လွိုင်ကော်မြို့ တပ်မတော်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဗိုလ်ချုပ်အောင်သန်းထွဋ်၊ တိုင်းမှူးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့က ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ပြည်နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွဋ်အား ကယားပြည်နယ်ဥက္ကဋ္ဌက ပြည်နယ်အတွင်း စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လွိုင်ကော်မြို့ ခုတင်(၂၀၀)ဆံ့ ပြည်နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်အောင်သန်းထွဋ်သည် တိုင်းမှူးနှင့်အတူ အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် ဖယ်ခုံတပ်နယ်၌ တပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် သုတစုံစာစောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပညာအလင်း ထိန်ဝင်းဝေဖြာ မြတ်ဆရာ

❖ အသီးတစ်ရာ၊ အညှာတစ်ခု
ပမာပြု၏၊ တပည့်များစွာ
ပညာပြည့်ဝ၊ နလုံးလှ၍
ဘဝတင့်တယ်၊ ဝင့်ဝင့်ထည်အောင်
ရှေ့ဆောင်ညွှန်ပြ၊ ဆုံးမသွန်သင်
ဆရာရှင်တို့၊ မချို့မေတ္တာ
ဝေဝေဖြာသည့်၊ "နာ"သုံး"နာ"ကား
ဝါသနာ၊ စေတနာ၊ အနစ်နာတည်း ...။

❖ လူ့လောကတွင်း...
ငွေလမင်းသို့၊ အလင်းဝေ၇
ချမ်းမြစီးသွင်၊ စမ်းရေလျှဉ်နှယ်
သန့်စင်ဖျန်းပက်၊ နှင်းရည်စက်ပမာ
ရင်မှာမေတ္တာ၊ အကြင်နာဖြင့်
ပညာပို့ချ၊ သင်ပြပေးလှာ
မြတ်ဆရာများ၊ တစ်လွှားကမ္ဘာ
နေရာအနှံ့၊ ခြေဆန့်လျက်သာ
ဝေဖြာသယ်ပိုး၊ လောကကျိုးတွက်
ဆက်နွှင်ခရီး၊ ပညာမီးအိမ်
ညီးထိန်ကိုင်ဆောင်၊ ဤလူ့ဘောင်တွင်း
ထိန်လင်းစေကာ၊ လင်းရောင်ဖြာသည်
မြတ်ဆရာတို့ ဂုဏ်ရည်တည်း ...။ ။

မောင်အောင်မွန်(မဟာဝိဇ္ဇာ)

# ဝန်ကြီး ဦးစိုးသိန်း သထုံမြို့နှင့် ဘီးလင်းမြို့တို့ရှိ တာယာနှင့် ရော်ဘာပစ္စည်း

## ထုတ်လုပ်မှုစက်ရုံများနှင့် ရန်ကုန်မြို့ရှိ မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၅

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်းတွင် သထုံမြို့ရှိ အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စက်ရုံ Renovation ပြုလုပ်နေမှုအခြေအနေကို အသေးစိတ်ကြည့်ရှုစစ်ဆေး ညှိနှိုင်းခဲ့သည်။**

ဝန်ကြီးသည် အောက်တိုဘာ ၃ ရက်တွင် ဘီးလင်းမြို့ရှိ အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံသို့ရောက်ရှိပြီး တာယာထုတ်လုပ်မှု ဆောင်ရွက်နေမှုများနှင့် Pressurized Rubber Hose စက်ရုံ တည်ဆောက်မှုအခြေအနေတို့ကို စစ်ဆေးပြီး ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စများ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ရန်ကုန်မြို့ရှိ မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်သည့် မော်တော်ယာဉ်များ အရည်အသွေးကောင်းမွန်ရေးအတွက် စဉ်ဆက်မပြတ် စေတနာထားကြိုးစားဆောင်ရွက်သွားကြရန်နှင့် စက်မှုနိုင်ငံတော် တည်ဆောက်ရေး ရည်မှန်းချက်အပေါ် သန္နိဋ္ဌာန်စိတ် ပြင်းပြကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ဘီးလင်းမြို့ရှိ အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ပြည်တွင်းအခွန် ကွန်ပျူတာသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၅**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၁၈)သင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်တင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။**(အောက်ပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား ၄၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)



# အလက(၁) ကမာရွတ် ကျောင်းသားဟောင်းများ ဒုတိယအကြိမ် အာစရိယပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၅**

အလက(၁) ကမာရွတ် (ကွမ်းခြံသားရေရုံကျောင်း) ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို အောက်တိုဘာ ၃၀ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ Lion City ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ကန်တော့ခံကြွရောက်ကြပါရန်နှင့် အောက်တိုဘာ ၂၅ ရက်အမီ ဆက်သွယ်နိုင်ပြီး အလှူငွေများကို ဦးမောင်စစ် ဖုန်း-၀၉-၅၁၂၃၅၃၅၊ ဦးမြင့်ဝေ ဖုန်း-၀၉-၅၀၄၅၈၅၇၊ ဦးမြင့်လွင် ဖုန်း-၇၃၀-၁၃၄၆၈၊ ၅၂၇၄၅၂၊ ဦးဇော်မိုးဦး ဖုန်း-၀၉-၅၁၃၂၈၁၁၊ ဒေါ်ရီမြင့် ဖုန်း-၃၈၇၁၄၃၊ ဒေါ်နွဲ့ရင် ဖုန်း-၅၃၅၄၅၀၊ ဒေါ်မြင့်မြင့်ရီ ဖုန်း-၀၉-၅၀၇၅၈၇၉၊၇၂၃၇၈၊ ဒေါ်လှလှဝါ ဖုန်း-၀၉-၅၁၃၅၇၉၇၊ ၅၁၂၁၂၊ ဦးချမ်းအေး ဖုန်း-၀၉-၅၀၈၇၄၅၀၊ ဦးရဲဆွေ ဖုန်း-၀၉-၈၀၃၀၄၈၀၊ ဒေါ်မြင့်မြင့် ဖုန်း-၅၃၇၀၀၉၊ဉာဏ်ဉာဏ်(မိတ်ကပ်) ဖုန်း-၀၉-၅၀၇၇၄၉၁၊ ၀၉-၅၄၀၇၂၅၁၊ ၅၃၄၉၈၁နှင့် ကိုအေးမြင့်(အနန္တကျေးဇူးစတိုး)ဖုန်း-၇၂၂၅၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

# တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် အောက်တိုဘာ ၅**

စက်တင်ဘာ ၂၂ ရက်က ဦးစိုးငြိမ်းလွင်သည် Royal Mingalardon Golf & Country Club ၌ ကစားဖော်များဖြစ်ကြသော ဦးမင်းဇော်ဝင်း၊ ဦးဇော်မင်းထွဋ်၊ ဦးတင်အောင်သိုက်၊ ဦးခင်မောင်သိန်းတို့နှင့် ဂေါက်ရိုက်ကစားစဉ် အကွာအဝေး ၁၅၇ ကိုက်ရှိသော ကျင်းအမှတ်(၁၂)Par-3 သို့ သံတုတ်နံပါတ်(၇)ဖြင့် Srixon No(1) ဘောလုံးကို ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

# ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာများ ဝန်ကြီး ဦးလှထွန်း လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၅**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်နှင့် ဓနသိဒ္ဓိရပ်ကွက်တို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ၏ အိမ်ရာများ၌ မိသားစုစိုက်ခင်းများ၊ ဘောဂသိဒ္ဓိရပ်ကွက်နှင့် မင်္ဂလာသိဒ္ဓိရပ်ကွက်တို့ရှိ ဝန်ကြီးရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ၏ အိမ်ရာများ၌ ဝန်ထမ်းမိသားစု စိုက်ခင်းများနှင့် ပညာသိဒ္ဓိရပ်ကွက်ရှိ ဝန်ကြီးရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့ရုံးတို့၏ အရာထမ်းအိမ်ရာများ၌ မိသားစုစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများနှင့် အိမ်ရာတာဝန်ခံများက စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သီးပင်၊ စားပင်၊ ပန်းအလှပင်၊ အရိပ်ရလေကာပင်နှင့် နှစ်ရှည်ပင်များ ပိုမိုစိုက်ပျိုးသွားကြရန်၊ အိမ်ရာဝန်းကျင် သန့်ရှင်းသာယာလှပရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်ရေးနှင့် သက်သာချောင်ချိရေးတို့ကို အလေးထားပံ့ပိုးပေးသွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# Falcon အင်ဂျင်ဝိုင်အရောင်းမြှင့်တင်ခြင်းအခမ်းအနား ကျင်းပ



**ဟန်ရတနာတင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင် ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ရောင်းအားအကောင်းဆုံးဆုရရှိသော ကိုယ်စားလှယ်များအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

**ရန်ကုန် အောက်တိုဘာ ၅**

U.A.E နိုင်ငံမှ Falcon အမှတ်တံဆိပ် အင်ဂျင်ဝိုင်များကို တရားဝင်တင်သွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော ဟန်ရတနာတင် ကုမ္ပဏီလီမိတက်က ကြီးမှူးကျင်းပသည့် Falcon Mega Sales Bonanza အရောင်းမြှင့်တင်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ PARKROYAL ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဟန်ရတနာတင် ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ရောင်းအားအကောင်းဆုံးဆု ရရှိသော ကိုယ်စားလှယ်တော်ကြီးများအား ဆုများကို ချီးမြှင့်ရာ ပထမဆုငွေကျပ် ၄၅ သိန်း၊ ဒုတိယဆုငွေကျပ် ၃၆ သိန်းနှင့် တတိယဆု ငွေကျပ် သိန်း ၃၀ တို့ကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကုမ္ပဏီလီမိတက် ဒါရိုက်တာဦးစိုးဝင်းက အရောင်းမြှင့်တင်ရေးကာလအတွင်း Falcon အင်ဂျင်ဝိုင်တစ်ဘူး၊ တစ်ပုံးဝယ်ယူသူတိုင်း စတစ်ကာတစ်ခုရရှိမည်ဖြစ်ကြောင်း၊ စတစ်ကာပေါ်တွင် ပါရှိသော နံပါတ်များ၏ ကံစမ်းမဲဆုများကို ၂၀၁၀ နိုဝင်ဘာတွင် တစ်ကြိမ်၊ ၂၀၁၁ ဇန်နဝါရီနှင့် မတ်လများတွင် တစ်ကြိမ် ကံစမ်းမဲဖွင့်ပေးမည်ဖြစ်ကြောင်း၊ ဆုမဲမပေါက်သော စတစ်ကာများအား ကတ်ပြားပေါ်ရှိ အကွက်ပေါ်တွင် သတ်မှတ်အရေအတွက် ပြည့်မီအောင် ဖြည့်စွက်ကပ်ပါက ချက်ချင်းပြန်အမ်းငွေသားဆုကို ရယူခံစားနိုင်မည့်အပြင် ၂၀၁၁ခုနှစ် မေ ၃၁ ရက်တွင် ကျင်းပမည့် မဟာကံထူးရှင်ရွေးချယ်ပွဲတွင် ထပ်မံ ကံစမ်းခွင့်ရရှိမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

အရောင်းမြှင့်တင်ရေးကာလမှာ ၂၀၁၀ ခုနှစ် အောက်တိုဘာမှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီအထိ ဖြစ်သည်။ ဆက်လက်၍ မန်နေဂျာ ဦးစန်းဌေးက ၂၀၁၀ အတွင်း အသစ်တင်သွင်းသည့် ဓာတ်ဆီကားများအတွက် စွမ်းရည်မြင့် အင်ဂျင်အမျိုးအစားဖြစ်ပြီး မြို့အတွင်းနှင့် ခရီးရှည်မောင်းနှင်ခြင်း နှစ်မျိုးလုံးအတွက် အထူးသင့်လျော်ကြောင်း၊ အင်ဂျင်အစိတ်အပိုင်းများ ပွန်းစားခြင်း၊ ကာဗွန်ချိုးတက်ခြင်းတို့ကို လျော့နည်းစေ၍ ဆီစားသက်သာပြီး အင်ဂျင်သက်တမ်းရှည်ကာ စွမ်းဆောင်ရည်မြင့်မားစေသည့် FAL-CON 2000 GOLD နှင့် ဒီဇယ်ကားများအတွက် အဆင့်မြင့်အင်ဂျင်ဝိုင်အမျိုးအစားဖြစ်ကြောင်း၊ ခရီးရှည်/ လမ်းကြမ်းမောင်းနှင်ခြင်း နှစ်မျိုးလုံးအတွက် သင့်လျော်ပြီး High Load / Off Road မောင်းနှင်သည့်အခါ Piston နှင့် Cyl-inder ကြားတွင် ဆီအလွှာကို တည်မြဲအောင် ထိန်းသိမ်းပေးနိုင်ခြင်း၊ အေးသော နံနက်ခင်းများတွင် စက်နှိုးရလွယ်ကူစေခြင်း စသည့် ဂုဏ်သတ္တိများကြောင့် ဆီစားသက်သာကြောင်း၊ အင်ဂျင်စွမ်းအားကို မြှင့်တင်ပေးနိုင်သော API မြင့် XMD G 20/G 15 အင်ဂျင်ဝိုင်များကို ဖြန့်ဖြူးရောင်းချနေပြီဖြစ်ကြောင်းနှင့် Falcon အမှတ်တံဆိပ် အင်ဂျင်ဝိုင်များ ဈေးကွက်တွင် ဆင်တူယိုးမှား အတုအပများ ဖြန့်ဖြူးရောင်းချနေပါသောကြောင့် ဝယ်ယူသုံးစွဲသူများအနေဖြင့် ကုမ္ပဏီမှ ဖြန့်ဖြူးသော ပစ္စည်းများကိုသာ အထူးသတိပြုဝယ်ယူသုံးစွဲသင့်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အသေးစိတ်သိရှိလိုပါက ဟန်ရတနာတင်ကုမ္ပဏီလီမိတက် အမှတ် (၁၃) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၆၂၅၈ နှင့် ၂၂၆၃၀၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရွှေဘိုနှင့် ဝက်လက်မြို့နယ်တို့၌ စည်ပင်သာယာရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးတင်ငွေ လှည့်လည်ကြည့်ရှုစစ်ဆေး

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ဝက်လက်မြို့နယ် အင်ကြင်းပင်ကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းဝင်းအတွင်းရှိ စက်ရေတွင်းအား ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၅**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် စက်တင်ဘာ ၂၉ ရက်တွင် ရွှေဘိုမြို့နယ် မန်ကျီးဖြူကျေးရွာ ငါးရယ်ဟိုးချောင်းကူးထန်းသားတံတားကို ကြည့်ရှုစစ်ဆေးပြီး တံတားပြန်လည်ပြုပြင်ရန်အတွက် လိုအပ်သည်များ မှာကြားကာ ဝက်လက်မြို့နယ် ဆင်းကွတ်(မြောက်)ကျေးရွာရှိ ငါးရယ်ဟိုးချောင်းကူး ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဝက်လက်-ရွာသာကြီး - ခါတောလမ်းမှ ခါတောကျေးရွာနှင့် အောင်ချမ်းသာကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော မြေသားလမ်း ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပွင့်လင်းရာသီတွင် ပြုပြင်မှုများဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ရွှေဘိုမြို့ ဘိုကုန်းရပ်ကွက်ရှိ အမှတ်(၃) ရေစင်ဝင်းအတွင်း ကလိုရင်းဆေးခတ်သည့်စက်ရုံသို့ ရောက်ရှိပြီး ကလိုရင်းဆေးခတ်စက်၊ ရေဖြန့်ဝေပေးသည့် ရေစင်နှင့် ရေလှောင်ကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ကြံ့ခိုင်မှုကို အမြဲမပြတ် စစ်ဆေးပြုပြင်ထားရန် မှာကြားသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့မဈေးကြီး၌ ဈေးသူ၊ ဈေးသားများနှင့် ဈေးကော်မတီဝင်များအား တွေ့ဆုံပြီး ဈေးသန့်ရှင်းရေး၊ ဈေးမီးဘေးကာကွယ်ရေးကိစ္စရပ်များအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားကာ ဈေးအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝက်လက်မြို့နယ် အင်ကြင်းပင်ကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းဝင်းအတွင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ပေးထားသော စက်ရေတွင်းကိုလည်းကောင်း၊ ဝက်လက်မြို့နယ် ရှိမ္မကားရွာ ဈေးအတွင်း၌ လည်းကောင်း၊ ရှိမ္မကားရွာသို့ ဧရာဝတီမြစ်မှ ရေစုပ်တင်ပေးသော ပွန်တွန်းရေစက်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**စက်တင်ဘာ ၂၅ ရက်က မင်္ဂလာဒုံ အမှတ်(၁) တပ်မတော် ဆေးရုံကြီး ခုတင်(၁၀၀၀) ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိကြသော တပ်မတော်သားလူနာများအတွက် (၆၁)ကြိမ်မြောက် လာရောက် သွေးလှူဒါန်းကြသော မေတ္တာမွန်သွေး အလှူရှင်အဖွဲ့မှ ဝန်ထမ်း ၅၀အား အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) တပ်မှူး ကိုယ်စား ရောဂါဗေဒဌာန ဌာနမှူး ရောဂါဗေဒပါရဂူ ဒုတိယဗိုလ်မှူးကြီး တင်မိုးမြ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (သတင်းစဉ်)

# ကြံခင်း အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၅**

ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၂၂ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ကြံခင်းအထက အောင်ကျော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကြံခင်းအထက၌ ပညာသင်ကြားပေးခဲ့ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ပူဇော်ကန်တော့ရန် ကြံခင်းမြို့သို့ လိုက်ပါနိုင်ရေးအတွက် ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)နှင့် မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီတို့က စီစဉ်ဆောင်ရွက်ထားပြီး လိုက်ပါလိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးစိန်ဌေး ဖုန်း-၀၁-၆၆၃၄၈၉၊ ၀၉-၅၁၃၂၁၅၈၊ ဒေါ်အေးအေးညွန့် ဖုန်း-၀၁-၆၄၆၅၇၁၊ ဦးတင်လှ ဖုန်း-၀၄၄-၄၀၃၉၇နှင့် ဒေါ်ယဉ်ယဉ်နု ဖုန်း-၀၄၄-၄၀၃၂၁ တို့သို့ ဆက်သွယ်အကြောင်းကြားရန်နှင့် ကြံခင်းမြို့သို့ အောက်တိုဘာ ၂၁ ရက် (ကြာသပတေးနေ့) ည ၇ နာရီတွင် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း ရိုးမကားဂိတ်မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာမည်ဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)

**ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် MCC Centre ၌ ကျင်းပမည့် ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ နှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာဘွဲ့ရများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြအင်ဂျင်နီယာဝန်ထမ်းများမှ ပထမအကြိမ်အလှူငွေကျပ် ၁၀သိန်းကို မြို့ပြအင်ဂျင်နီယာဝန်ထမ်းများကိုယ်စား ဆောက်လုပ်ရေး ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ) ကျောင်းအုပ်ကြီး ဦးမင်းဇံက ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျော်လင်းထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



# ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာ ဆင့်ပွားသင်တန်းများ စဥ့်ကူးမြို့နယ်၌ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မြို့နယ်အတွင်းရှိ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာ ဆင့်ပွားသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိရာ စက်တင်ဘာ ၂၂ ရက်တွင် မြို့နယ်အတွင်း ခုနစ်နေရာခွဲ၍ မဲရုံအဖွဲ့ဝင်ပေါင်း ၉၈၄ ဦးတို့အား သင်တန်းပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းများတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းသန်း၊ အဖွဲ့ခွဲအတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပို့ချကြကြောင်း သိရသည်။

(သတင်းစဉ်)



## ရေပိုက်သွယ်တန်း

**မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေး လုပ်ငန်းဖြစ်သည့် ဝိန်းခိုင်ကျေးရွာ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန်ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# ကျေးလက်ရေရရှိရေး ကွင်းဆင်းစစ်ဆေး

**လွိုင်ကော် အောက်တိုဘာ ၅**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ပိန်းချစ်ကျေးရွာ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၀ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုး ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

# ဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတိုင်းဒေသကြီးရှိ ခရိုင်၊ မြို့နယ်နှင့် လမ်းတံတားအထူးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာများမှာကြား

**နေပြည်တော် အောက်တိုဘာ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်အတူ စက်တင်ဘာ ၂၈ ရက် ည ၉ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံးသို့ ရောက်ရှိရာ အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်က ပုသိမ်-မုံရွာလမ်း အပိုင်း (၁) ကတ္တရာလမ်း အဆင့်တိုးမြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တွံတေး-မအူပင် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လပွတ္တာ-မြောင်းမြလမ်းကို ၁၂ ပေအကျယ် လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင်ပါဝင်သောလမ်း ၁၀ လမ်း၊ စုစုပေါင်း မိုင် ၅၂၀ နှင့် ခုနစ်ဖာလုံ၊ တံတား ၅၀၈ စင်းတို့၏ လမ်း၊ တံတား ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်အဖွဲ့နှင့် အထူးအဖွဲ့တို့မှ တာဝန်ခံအင်ဂျင်နီယာများက မိမိတို့ ခရိုင်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ခရိုင်အဖွဲ့၊ အထူးအဖွဲ့များမှ တာဝန်ခံအင်ဂျင်နီယာများနှင့် ရုံးဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် စီမံ၊ ဘဏ္ဍာ၊ ပစ္စည်း၊ အင်ဂျင်နီယာပိုင်းဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက်ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ပုသိမ်-မုံရွာလမ်းအပိုင်း(၁) ဆောင်ရွက်နေမှုအခြေအနေများနှင့် မြို့နယ်၊ ခရိုင်နှင့် အထူးအဖွဲ့များမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရိုးမရာဇာမှ ဆိုင်ကယ်ဝယ်ယူ အားပေးကြသူများအား ကျေးဇူးတုံ့ပြန်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

Yoma Yarzar Stream Motorcycle Show Room (မန္တလေး၊ ပခုက္ကူ၊ မကွေး၊ တောင်တွင်းကြီး၊ အမရပူရ၊ ကျောက်ဆည်)တို့၌ ကံစမ်းမဲကာလအတွင်း ဆိုင်ကယ်ဝယ်ယူအားပေးခဲ့ကြသူများအား Stream 125 cc ၊ Stream 110cc ဆိုင်ကယ်အသစ်နှစ်စီးနှင့် အခြားဆုမဲပေါင်းများစွာဖြင့် ကံစမ်းမဲဖွင့်ပွဲကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ မန္တလေး ကန်တော်ကြီးရှိ သံအမတ်ကြီး မင်္ဂလာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရိုးမရာဇာ ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် မန်နေဂျာ ဦးထွန်းထွန်းဝင်းက ရိုးမရာဇာ (Stream) မော်တော်ဆိုင်ကယ်များ ထုတ်လုပ်မှုနှင့် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ SPA Motorcycle Co.,Ltd. မန်နေဂျာ ဦးမင်းမင်းစိုးက Stream မော်တော်ဆိုင်ကယ် ဝယ်ယူအားပေးခဲ့ကြသူများအတွက် After Sale Service ဝန်ဆောင်မှုအကြောင်း ရှင်းလင်းပြောကြားပြီး မန္တလေးရုံးခွဲ လက်ထောက်မန်နေဂျာ ဦးစိုးသိန်းက ကံစမ်းမဲဖွင့်ပွဲအကြောင်း ရှင်းလင်းပြောကြားကာ ကံစမ်းမဲဖွင့်ကြသည်။

**ဆုပေးအပ်**

ထို့နောက် တတိယဆု အဝတ်လျှော်စက်ဆုကံထူးရှင် ဦးအောင်ကျော်စိုး (မြိုင်မြို့)၊ ဒုတိယဆုရ Stream 110 ဆိုင်ကယ်ကံထူးရှင် ဦးနော်ဆိုင်း ရတနာပုံ တက္ကသိုလ် နေရှင်နယ်အမျိုးသားဆောင်၊ ထန်းတောရွာ၊ အမရပူရမြို့၊ ပထမဆုရ Stream 125 ဆိုင်ကယ်ကံထူးရှင်ဦးစိုးပိုင်၊ ပန်းပဲတန်းရပ်၊ စစ်ကိုင်းမြို့နှင့် ကံစမ်းမဲဆုရရှိကြသူများအား ရိုးမရာဇာ ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးနေလင်းဦးနှင့် တာဝန်ရှိသူတို့က ဆုများပေး အပ်ကြသည်။

အဆိုပါ ရိုးမရာဇာဆိုင်ကယ်များကို မန္တလေးချမ်းအေးသာစံမြို့နယ် အမှတ် (၅၄၄) လမ်း(၈၀) (၃၂ ×၃၃) လမ်းကြားရှိ ရိုးမရာဇာ မော်တော်ဆိုင်ကယ် အရောင်းပြခန်း ဖုန်း- ၀၂-၃၉၅၁၃၊ ၀၉-၆၈၀၇၉၃၀ နှင့် ၀၉-၂၀၁၀၅၀၇တို့သို့ စိတ်ချယုံကြည်စွာ ဆက်သွယ်ဝယ်ယူ အားပေးနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# အမက(၃)ဗဟန်း(မူလွန်) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၅**

၁၉၆၄-၂၀၁၀ ခုနှစ် အမက(၃) ဗဟန်း(မူလွန်)ကျောင်း၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာလကုန် နောက်ဆုံးထား၍ ကိုကြည်ဝင်း ဖုန်း- ၀၉-၅၀၅၄၀၆၉၊ ကိုသက်အောင် ဖုန်း- ၀၉-၅၄၁၃၂၅၄၊ ကိုကျော်မြင့်ထူး ဖုန်း- ၅၅၄၉၅၄၊ ကိုသူရိန်ဦး ဖုန်း-၀၉- ၅၄၁၃၂၅၄၊ မောင်ရဲနောင် ဖုန်း-၀၉- ၅၀၃၈၃၇၅၊ မသင်းသင်းဝေ ဖုန်း-၀၉- ၅၁၁၅၈၉၇၊ မသီဂီမျိုးမြင့် ဖုန်း-၀၉- ၈၀၂၀၀၃၆၊ မနှင်းဝတ်ရည် ဖုန်း-၀၉- ၈၀၂၅၀၇၅၊ မပန်းပြည့်မြတ်အောင် ဖုန်း- ၀၉-၅၁၁၉၄၇၅၊ မကြိုင်သင်းပျံ့အောင် ဖုန်း-၀၉-၅၀၆၆၅၂၂၊ မငြိမ်းသက်ဇင် ဖုန်း-၀၉၅၀၀၈၃၃၆၊ မပန်းသီး ဖုန်း- ၅၀၂၇၂၇၊ မနှင်းဝတ်ရည် ဖုန်း-၀၉- ၅၄၀၀၅၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် မိမိနှစ်သက်ရာ စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးလိုသူများ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း နှိုးဆော်ထားသည်။ (ကြေးမုံ)

# မြင်းခြံအသင်း (ရန်ကုန်) နှစ်ပတ်လည် စည်းဝေးမည်

**ရန်ကုန် အောက်တိုဘာ ၅**

မြင်းခြံမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၁ နာရီတွင် သယ်န်းကျွန်းမြို့နယ် ရတနာလမ်းရှိ စွန်းလွန်းဂူဝိပဿနာ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် မြင်းခြံမြို့နယ်သူ၊ မြို့နယ်သားအားလုံး တက်ရောက်ကြပါရန်နှင့် အသက်(၈၀)နှင့် အထက်အဘိုး၊ အဘွားများ မြင်းခြံအသင်းသို့ ဆက်သွယ်ကြပါရန်၊ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးဖြင့် အောင်မြင်သော ရန်ကုန်ရောက် မြင်းခြံသူ၊ မြင်းခြံသားများ၏ သားသမီးများသည် အောက်တိုဘာ ၁၁ ရက် နောက်ဆုံးထား၍ ဒုတိယဗိုလ်မှူးကြီးကျော်ရင် (ငြိမ်း)၊ ဖုန်း- ၆၁၁၁၀၂၊ ဦးစိန်ဝင်း ဖုန်း- ၅၇၀၄၉၂၊ ဦးမောင်မောင် ဖုန်း-၂၉၆၂၆၈၊ ဦးထိန်လင်း ဖုန်း-၆၉၉၅၀၉နှင့် ဦးကြည်မောင် ဖုန်း-၅၄၈၂၈၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)



## ကွင်းဆင်းစစ်ဆေး

**ကျောက်တန်းမြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် တရားမဝင်ဆေးဝါးများရောင်းချမှုရှိ၊ မရှိကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဦးရဲဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးရဲထွန်းဦးတို့ ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေ



နေပြည်တော် အောက်တိုဘာ ၅

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကလေးဝမြို့တွင် ၁ ဒသမ ၂၂ လက်မနှင့် ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၁၄ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**အောက်တိုဘာ ၆ ရက် ညနေထိခန့်မှန်းချက်။** ။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်ထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# ဟသ်ာတမြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်ခဲ့ လဲပြိုသွားသော သစ်ပင်နှင့် ဓာတ်တိုင်များ ဖယ်ရှားရှင်းလင်းပြီး၍ ကားလမ်းပြန်လည်ပွင့်သွားပြီး လျှပ်စစ်ဓာတ်အားများ ပုံမှန်ရရှိနေပြီဖြစ်

**နေပြည်တော် အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ဒူးယားကျေးရွာအုပ်စု ဒူးယားကျေးရွာ၌ အောက်တိုဘာ ၃ရက် ညနေပိုင်းက မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် သစ်ပင်အချို့နှင့် ဟသ်ာတ-ဇလွန် လျှပ်စစ်မီးပေးသည့် (၁၁) ကေဗွီအေ ဓာတ်တိုင်ခြောက်တိုင် လဲပြိုသွားခဲ့ ကြောင်း၊ လူ၊ တိရစ္ဆာန်ထိခိုက်သေကျေ ဒဏ်ရာရရှိမှု မရှိကြောင်း၊ တာဝန်ရှိသူများက သစ်ပင်နှင့် ဓာတ်တိုင်လဲပြိုကျမှုတို့ကို ချက်ချင်း ဖယ်ရှား ရှင်းလင်းနိုင်ခဲ့၍ ယင်းနေ့ည ၈ နာရီကျော်ခန့်တွင် ဟသ်ာတ - ဇလွန်ကားလမ်း ပြန်လည် ပွင့်သွားပြီး ယာဉ်များ ပြန်လည်သွားလာနိုင်ပြီ ဖြစ်ကြောင်း၊ ထို့ပြင် ပြိုလဲသွားသော ဓာတ်တိုင်များကို အောက်တိုဘာ ၄ရက် ည ၆ နာရီ ၅ မိနစ်တွင် ပြန်လည်စိုက်ထူပြီးဖြစ်၍ လျှပ်စစ်ဓာတ်အားများ ပုံမှန်ရရှိနေပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**သာကေတမြို့နယ် ၆/အနောက်ရပ်ကွက် မြင်တော်သာလမ်းနေ ကွယ်လွန်သူ မိခင်၊ ဖခင်တို့အား အမှူးထား၍ သားသမီးများဖြစ်ကြသော ဦးအေးကျော်-ဒေါ်နော်ဆာဖော၊ ဒေါ်သန်းသန်းမြင့်၊ ပါမောက္ခ ဒေါက်တာ ရဲထွန်း-ဒေါက်တာ မြတ်ချစ်ဆွေ၊ ဒေါက်တာတင်တင်လှ၊ ဦးအောင်သူ-ဒေါ်သန္တာဝင်းနှင့် မြေးများ (ကျော်သဇင်မိသားစု) က စက်တင်ဘာ ၁၇ ရက်တွင် သာကေတမြို့နယ် ၆/ အနောက်ရပ်ကွက် မင်္ဂလာကန်တော်ကြီးတူးဖော်ရေးအတွက် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# ကြို့ပင်ကောက်မြို့မဈေး မီးလောင်မှုဖြစ်ပွား ပုံမှန်အတိုင်း ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာ မြို့မဈေး၌ စက်တင်ဘာ ၃၀ ရက် ည ၇ နာရီခန့်တွင် ဈေးအပြင်ဘက်တန်း ဆိုင်ခန်းအချို့ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ တာဝန်ရှိသူများ၊ စည်ပင်သာယာ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများနှင့် ပြည်သူလူထုတို့၏ ပူးပေါင်းမီးငြိမ်းသတ်မှုကြောင့် ဈေးဆိုင်ခန်း လေးခန်းသာ မီးလောင်ခံရပြီး ကျန် ၁၆ခန်းမှာ မီးဟပ်ခြင်းသာ ခံခဲ့ရကြောင်း၊ မီးလောင်ဆုံးရှုံးမှု အနည်းငယ်သာရှိခဲ့၍ မီးလောင်ခဲ့သော ဆိုင်ခန်းများကို အချိန်မီပြုပြင်ပေးခဲ့ရာ အောက်တိုဘာ ၂ ရက်မှစ၍ ပုံမှန်အတိုင်း ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။





မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ၂၀၁၀ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

# ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုလျှင် အနည်းဆုံး တက္ကသိုလ်သုံးခု ဖွင့်လှစ်ပေးထား

# ကိုယ့်နယ်ကိုယ့်ဒေသ၌ပင် အဆင့်မြင့်ပညာရပ်များကို အလွယ်တကူသင်ယူနိုင်

## ဆရာ၊ ဆရာမများအနေဖြင့် တပည့်များကို လိမ္မာရေးခြားရှိပြီး လူ့လောကတွင် အောင်မြင်တိုးတက်ရေး ညွှန်ကြားဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၅

**၂၀၁၀ ခုနှစ် ကမ္ဘာ့ဆရာများနေ့ (WORLD TEACHERS' DAY) အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဆရာကြီးများနှင့် ထူးချွန်ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။**

အဆိုပါ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးနှင့် သံရုံး ယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ အဖွဲ့များနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများနှင့် ပါမောက္ခချုပ်များ၊ ပညာရေး ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဂုဏ်ထူးဆောင်ဆရာကြီးများ၊ ထူးချွန်ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူလေးများဖြစ်ကြသော မမေရတနာစိုးနှင့် မနန္ဒာရွှန်းလဲ့ဗိုလ်တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

**ချင်းတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးနိုထန်တပ်၏ ဟောပြော တင်ပြချက်ကို စာမျက်နှာ(၄) တွင် ဖော်ပြထားပါသည်။**